

# မယ့်ဖါလွမ် တက္ကသိုလ်

# MAE FAH LUANG UNIVERSITY

## AT A GLANCE

2013-2014

ဆန်းသစ် ခြားနား
သာလွန်ထူးကဲ

# ကျနော်တို့

## အကြောင်း



Student photographers: Ittiwat Peosi, Jakkapan Siesongkhram

မယ်ဖါလွှမ်တက္ကသိုလ်သည် အာဆီယံသုံးနိုင်ငံဆုံမှတ် မဲခေါင်ရွှေတြိဂံနယ်မြေ၏ ဝင်ပေါက်တံခါးဝတွင်တည်ရှိပါသည်။ ၁၉၉၈ခုနှစ်ကတည်းက သီးခြားအုပ်ချုပ်မှုနယ်ပယ်(သီးခြားတက္ကသိုလ်အဖြစ်) တည်ထောင်ခဲ့ပါသည်။ ဤတက္ကသိုလ်ကို ထိုင်းဘုရင်မင်းမြတ်၏မယ်တော်မှ ထိုင်းနိုင်ငံမြောက်ပိုင်းသားများနှင့်အိမ်နီးချင်းနိုင်ငံများမှ ကျောင်းသူ ကျောင်းသားများ အတွက် ရည်ရွယ်ပြီး အကြင်နာကြီးစွာဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သူမကိုလေးစားဂုဏ်ပြုသောအားဖြင့် မယ်ဖါလွှမ် တက္ကသိုလ်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

ဖွင့်လှစ်ပြီး နှစ်အနည်းငယ်အတွင်းမှာပင် မယ်ဖါလွှမ်တက္ကသိုလ်သည် ထိုင်းနိုင်ငံ၏ တိုးတက်မှုအမြန်ဆုံးကျောင်းတော်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ အဓိကဘာသာရပ်အားလုံးကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပြီး နည်းစနစ်အပိုင်းကိုတော့ မယ်ဖါလွှမ်၏ နည်းလမ်းဥပဒေသများဖြင့် သင်ကြားပျိုးထောင်ပေးပါသည်။

ပန်းဥယျာဉ်ထဲမှတက္ကသိုလ်" ဟူသောအယူအဆ အကျိုးတရားကြောင့် နှစ်စဉ်နှစ်တိုင်း လာရောက်ကြသော ဧည့်သည်တော်များအားလုံးနှင့်ကျောင်းသူ ကျောင်းသားများအားလုံးကို ပတ်ဝန်းကျင် ယဉ်ကျေးမှုထုံးစံများနှင့် ပျော်ရွှင်စွာနေထိုင်၍ စာပေပညာသင်ကြားလိုချင်စိတ်ကို ဆွဲဆောင်ဖြစ်ပေါ်စေပါသည်။ ပျော်ရွှင်ဖွယ် အရာများကို ခံစားကြည့်ရန် မယ်ဖါလွှမ် တက္ကသိုလ်မှ ဖိတ်ခေါ်အပ်ပါသည်။ နိုင်ငံတကာမှလာတက်ကြသော ကျောင်းသူ ကျောင်းသားများအားလုံးနှင့် ဒေသခံပြည်သူ ကျောင်းသားကျောင်းသူများ အချင်းချင်း ပူးတွဲဆောင်ရွက်တတ်ရန်၊ပါဝင်ကူညီတတ်ရန်၊တစ်ဦးနှင့်တစ်ဦး ကူညီစာနာတတ်ရန်တို့ကို ရည်ရွယ်ပါသည်။ နိုင်ငံတကာရေးရာအဖွဲ့အစည်း (The International Affairs Division) ကလည်းကျောင်းသားကျောင်းသူများအားလုံး၏ လိုအပ်ချက်များကို ကူညီဖြည့်စည်းပေးပါသည်။သင်တို့၏ အနာဂတ် ထွန်းလင်းတောက်ပဖို့ဆိုရင်တော့ မယ်ဖါလွှမ် တက္ကသိုလ်ကို ဦးစားပေးစဉ်းစားပါရန် မယ်ဖါလွှမ်တက္ကသိုလ်မှ လှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။

# ၂။ဘာသာရပ်များနှင့်
## သင်ကြားရေးအစီအစဉ်များ

### စိုက်ပျိုးရေးဘာသာကျောင်း

စိုက်ပျိုးရေးနှင့်ပတ်သက်သော အဆင့်မြင့်ပညာသင်ကြားပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ၊ အာဆီယံဒေသအတွင်းရှိစိုက်ပျိုးရေးလုပ်ငန်းများသို့ လက်တွေ့သွားရောက် လေ့လာသင်ယူစေခြင်းဖြင့် ကျွမ်းကျင်သော စိုက်ပျိုးရေးအတတ်ပညာရှင်များဖြစ်လာစေရန် သင်ကြားပေးပါသည်။ ကိုယ်ပိုင်အတွေးအခေါ်အယူအဆ၊အသိပညာများမြင့်မားလာစေရန်နှင့် အနာဂတ်တွင် စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

ဘွဲ့အမျိုးအမည်

- B.Sc in Food Technology (အစားအစာနည်းပညာ သိပ္ပံဘွဲ့)
- B.Sc in Technology Management of Agricultural Produce and Packaging (စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းစီမံခန့်ခွဲမှုဆိုင်ရာ သိပ္ပံဘွဲ့)
- M.Sc and Ph.D in Food Technology (အစားအစာနည်းပညာ မဟာသိပ္ပံဘွဲ့နှင့်ပါရဂူဘွဲ့)
- M.Sc in Technology Management of Agricultural Produce (စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ထုပ်ပိုးခြင်းဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာမဟာသိပ္ပံဘွဲ့)

### အိုမင်းခြင်းကိုဆန့်ကျင်ပြီး ပြန်လည်နုပျိုလာနိုင်စေသော ဆေးဝါးဆိုင်ရာ နည်းပညာကျောင်း

ထိုင်းနိုင်ငံသည် ဤဘာသာရပ်တွင် ထူးချွန်ပြောင်မြောက်စွာ ဦးဆောင်နိုင်ရန် အားကြိုးမာန်တက် လေ့လာရှာဖွေသုတေသနပြုခဲ့ပါသည်။ အဆင့်မြင့်နည်းပညာ၊အတွေးအခေါ်များနှင့် လူနာများကိုပြုစုကုသခြင်းဖြင့်လည်းကောင်း၊ ကျောင်းသားများ၏ လက်တွေ့အသုံးချ သုတေသန ရလဒ်ကောင်းများဖြင့် မယ်ဖါလွမ်ကျောင်းသည် ကမ္ဘာတွင်ထင်ပေါ်ကျော်ကြားပါသည်။

ဘွဲ့အမျိုးအမည်

- M.Sc. and Ph.D. in Dermatology (အရေပြားရောဂါဗေဒမဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့)
- M.Sc. and Ph.D. in Anti-Aging and Regenerative Medicine (အိုမင်းခြင်းကိုဆန့်ကျင်ပြီးပြန်လည်နုပျိုလာနိုင်စေသော ဆေးဝါးဆိုင်ရာ နည်းပညာ မဟာသိပ္ပံဘွဲ့နှင့်ပါရဂူဘွဲ့)
- M.Sc. and Ph.D. in Anti-Aging and Regenerative Science (အိုမင်းခြင်းကိုဆန့်ကျင်ပြီးပြန်လည်နုပျိုလာနိုင်စေသော သိပ္ပံနည်းပညာ မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့)

### အလှပြင်ပစ္စည်းဆိုင်ရာ နည်းပညာဘာသာရပ်ကျောင်း

အာဆီယံနိုင်ငံများထဲတွင် ပထမနှင့် အဦးဆုံးအဖွဲ့အစည်းအဖြစ် ဂုဏ်ယူစွာဖြင့် အလှအပဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ အလှအပဆိုင်ရာကိစ္စရပ်များကို အထူးစိတ်ဝင်စားသော ကျောင်းသားကျောင်းသူများအတွက် အကောင်းဆုံးဘာသာရပ်ဖြစ်ပါသည်။ သက်ဆိုင်ရာဘာသာတိုင်းကို အခြေခံမှုစပြီးလက်တွေ့အသုံးချနိုင်သည်အထိသင်ကြားပေးသည်။ အလှကုန်ထုတ်လုပ်ရေးစက်ရုံများဖွင့်နိုင်သည်အထိကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

ဘွဲ့အမျိုးအမည်

- B.Sc. in Cosmetic Science (အလှပြင်ပစ္စည်း ဆိုင်ရာနည်းပညာ သိပ္ပံဘွဲ့)
- B.Sc. in Beauty Science (အလှအပဆိုင်ရာ သိပ္ပံဘွဲ့)
- M.Sc. and Ph.D. in Cosmetic Science (အလှပြင်ပစ္စည်းဆိုင်ရာ သိပ္ပံ မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့)

### ကျန်းမာရေးသိပ္ပံပညာကျောင်း

ကျန်းမာရေးဆိုင်ရာ နည်းပညာရှင်များကိုမွေးထုတ်ပေးရန်ရည်ရွယ်ချက်ဖြင့် အဆင့်မြင့်အသက်မွေးဝမ်းကျောင်းနှင့် တရိတ္တပိုင်းဆိုင်ရာ အရည်အသွေး မြင့်မားစေရန် နိုင်ငံတကာ အဆင့်မှီနည်းပညာများဖြင့် သင်ကြားပေးလျက်ရှိပါသည်။ တိုင်းရင်းဆေးဝါးအသိပညာများနှင့် ခေတ်မှီအတွေးအခေါ်တို့ကို ပေါင်းစပ်ပြီး ခေတ်အမှီဆုံးဆေးဝါးနည်းပညာရပ်များကို တီထွင် သင်ကြားပေးလျက်ရှိပါသည်။

- B.ATM. in Applied Thai Medicine (အသုံးချထိုင်းဆေးဝါးပညာ)
- B.P.H. in Public Health (Public Health, Environmental Health or Occupational Health and Safety) ပြည်သူ့ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေး(သို့) ကျန်းမာရေးနှင့်လုံခြုံရေးကိုထိန်းသိမ်းစောင့်ရှောက်ခြင်းဘွဲ့)
- B.PT.in Physical Therapy (ရုပ်ပိုင်းဆိုင်ရာ ရောဂါကုထုံးဘွဲ့)
- B.Sc. in Sports and Health Science (အားကစားနှင့်ကျန်းမာရေး သိပ္ပံဘွဲ့)
- M.Sc. in Public Health (ပြည်သူ့ကျန်းမာရေး မဟာသိပ္ပံဘွဲ့)

## သတင်းနှင့်နည်းပညာကျောင်း

မယ်ဖါလွမ်တက္ကသိုလ်၏ တိုးတက်မှုအမြင့်ဆုံး ဘာသာရပ်ဖြစ်သည်။ကမ္ဘာ့အဆင့်မီ ဘွဲ့ရပညာတတ်များနှင့် သုတေသနပညာရှင်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားပါသည်။ စိတ်ကူးဉာဏ် အမျှော်အမြင် ကြီးမားပြီး၊ အားကျဂုဏ်ယူဖွယ်ကောင်းသော အတတ်ပညာရှင်များ ကိုယ်တိုင် ဘက်စုံထောင့်စုံမှ ပြိုင်ဘက်ကင်းအတတ်ပညာရှင်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလိုသည့်အတွက် လျှောက်လွှာရှင် ကျောင်းသူကျောင်းသားများအား မယ်ဖါလွမ်တက္ကသိုလ်၏သတင်းနှင့် နည်းပညာဌာနမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနေပါသည်။

- B.Sc. in Information Technology (သတင်းနည်းပညာ သိပ္ပံဘွဲ့)
- B.Sc.in Computer Science (ကွန်ပျူတာ သိပ္ပံဘွဲ့)
- B.Sc. in Software Engineering (ဆော့ဝဲ အင်ဂျင်နီယာပညာ သိပ္ပံဘွဲ့)
- B.Sc. in Multimedia Technology and Animation (ရုပ်သံလှုပ်ရှားမှုနှင့်တင်ဆက်မှုနည်းပညာ သိပ္ပံဘွဲ့)
- B.Eng.in Computer Engineering (ကွန်ပျူတာ အင်ဂျင်နီယာပညာဘွဲ့)
- B.Eng. in Information Technology (သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး အင်ဂျင်နီယာပညာဘွဲ့)
- M.Sc.in Information Technology (သတင်းနည်းပညာ သိပ္ပံဘွဲ့)
- M.Eng.and Ph.D. in Computer Engineering (ကွန်ပျူတာအင်ဂျင်နီယာပညာ မဟာဘွဲ့နှင့်ပါရဂူဘွဲ့)

## ဥပဒေကျောင်း

နယ်စပ်ဒေသရှိ ဥပဒေကျောင်းများတွင်ခေတ်နှင့်အညီ တိကျသေချာသော စည်းမျဉ်းဥပဒေများကို စိတ်အားထက်သန်စွာဖြင့် သင်ကြားပို့ချရန်၊ အချို့သောပညာရပ်နယ်ပယ်နှင့် မဆိုင်သော တရားရေးစီမံချက်များကိုလည်း နားလည်တတ်ကျွမ်းရန် အရေးကြီးသော စည်းမျဉ်းဥပဒေများကို သင်ကြားပေးပါသည်။ ဥပဒေဘာသာရပ်ကို သင်ကြားစေလိုခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများ အသိဉာဏ်ပညာဗဟုသုတတိုးပွါးစေရန် ၊ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စာတွေ့ပိုင်းအရသာမက လက်တွေ့ပိုင်းအရပါ နားလည်သိတတ်ကျွမ်းစေလိုပါသည်။ ပြီးလျှင် နိုင်တစ်နိုင်ငံတွင် အရေးပါဆုံးဖြစ်သော လူကျင့်ဝတ်ဆိုင်ရာဥပဒေ၊ တရားမျှတမှုဆိုင်ရာဥပဒေနှင့် ကိုယ်ကျင့်တရားအပါအဝင် ဥပဒေပေါင်းများစွာကိုလေ့ကျင့် သင်ကြားပေးပါသည်။

- L.L.B in Law (ဥပဒေပညာဘွဲ့) (ထိုင်းဘာသာစကားဖြင့်သာ)
- L.L.M in Law (ဥပဒေပညာ မဟာဘွဲ့) (ထိုင်းဘာသာစကားဖြင့်သာ)

## ဘာသာရပ်စုံကျောင်း

နိုင်ငံခြားဘာသာစကားမျိုးစုံနှင့် စည်းကမ်းသေဝပ်မှု၊ကျွမ်းကျင်မှုတို့ကို တတ်မြောက်နိုင်ပြီး သင်ထောက်ကူပစ္စည်းစုံလင်စွာနှင့် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် သင်ကြားပေးနေသော နေရာဖြစ်ပါသည်။ သက်ဆိုင်ရာဘာသာရပ်တိုင်းအတွက် နိုင်ငံခြားမှ ကျွမ်းကျင်ဂုဏ်ထူးရှင်၊ ပညာရှင်များ ဖြင့်သင်ကြားပေးသည့်အပြင် ဂုဏ်သတင်းကြီးမားထင်ရှားသော နိုင်ငံတကာတက္ကသိုလ်များဖြင့်လည်း ပေါင်းကူးပညာရေးစနစ်ကို ချိတ်ဆက်ထားပါသည်။ ကမ္ဘာတဝှမ်းက စိတ်ဝင်စားလျက်ရှိသော မယ်ဖါလွမ်တက္ကသိုလ် ကျောင်းတော်ကြီးကိုလာခဲ့ပါရန် ဖိတ်ခေါ်ပါသည်။

- B.A.in Business Chinese(စီးပွားရေးသုံးတရုတ်ဘာသာစကား ဝိဇ္ဇာဘွဲ့)
- B.A.in Chinese Language and Culture (တရုတ်ဘာသာစကားနှင့် ယဉ်ကျေးမှုဝိဇ္ဇာဘွဲ့)
- B.A.in English (အင်္ဂလိပ်ဘာသာ ဝိဇ္ဇာဘွဲ့)
- B.A.in International Development (နိုင်ငံတကာဖွံ့ဖြိုးရေးဘာသာ ဝိဇ္ဇာဘွဲ့)
- B.A.in Teaching Chinese Language (တရုတ်ဘာသာစကားသင်ကြားရေး ဝိဇ္ဇာဘွဲ့)
- B.A. in Thai Language and Culture (ထိုင်းဘာသာစကားနှင့် ယဉ်ကျေးမှု ဝိဇ္ဇာဘွဲ့)
- B.P.A.in local Government (Thai) (အရပ်ဒေသဆိုင်ရာ အုပ်ချုပ်ရေးဘွဲ့) (ထိုင်းဘာသာစကားဖြင့်သာ)
- M.A.in Teaching Chinese as a Foreign Language (တရုတ်ဘာသာစကားအားနိုင်ငံခြားဘာသာရပ်အနေဖြင့်သင်ကြားခြင်း မဟာဘွဲ့)
- M.A.in Chinese –Thai Translation and Interpretation (Chinese /Thai) ( တရုတ်-ထိုင်း ဘာသာပြန်ဆိုခြင်းနှင့်အဓိပ္ပါယ်ဖွင့်ခြင်း မဟာဘွဲ့)
- M.P.A.in Public Administration (Thai) (ပြည်သူ့အုပ်ချုပ်ရေး မဟာဘွဲ့) (ထိုင်းဘာသာစကားဖြင့်သာ)
- M.A. and Ph.D. in English for Professional Development (အသက်မွေးဝမ်းကြောင်းပညာတိုးတက်ဖွံ့ဖြိုးမှု အင်္ဂလိပ်သာသာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့)
- Ph.D.in Social Sciences (Thai) (လူမှုရေးသိပ္ပံပါရဂူဘွဲ့)(ထိုင်းဘာသာစကားဖြင့်သာ)



## စီမံခန့်ခွဲရေးဘာသာကျောင်း

ထိုင်းနိုင်ငံနှင့်၎င်း၏အနီးတစ်ဝိုက်ရှိဒေသများမှအစိုးရဌာနဆိုင်ရာများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ အာဆီယံကူးသန်းရောင်းဝယ်ရေးတို့အတွက် လိုအပ်သောလက်မှုအတတ်ပညာကျွမ်းကျင်သူ၊ ခေတ်ပညာတတ်လူငယ်များစွာကို မွေးထုတ်ရန် ရည်ရွယ်ပါသည်။ စီးပွားရေးဆိုင်ရာဘာသာများစွာထဲမှ အရေးပါဆုံးသောစီမံခန့်ခွဲမှုဘာသာရပ်များဖြစ်ပါသည်။ ကျယ်ပြန့်သောကြီးကျယ်ခန်းနားသည့်ကမ်းလှမ်းမှုများကို ဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းအမျိုးမျိုးတို့ဖြင့်ခေတ်မီစနစ်ကျလှစွာ သင်ကြားပေးနေသည့်အပြင် အကျိုးအမြတ်အနေအဖြင့် နိုင်ငံရပ်ခြားရှိ နာမည်ကြီးတက္ကသိုလ်များသို့အပြန်အလှန် သွားရောက်သင်ကြားနိုင်သောအခွင့်အရေးများကို ချိတ်ဆက်ပေးထားပါသည်။

- B.Acc. in Accounting (စာရင်းကိုင်ဘွဲ့)
- B.B.A. in Aviation Business Management (လေကြောင်းစီမံဘွဲ့)
- B.B.A. in Business Administration (စီးပွားစီမံဘွဲ့)
- B.B.A. in Hospitality Industry Management (ကြိုဆိုဧည့်ခံရေးစီမံခန့်ခွဲမှုဘွဲ့)
- B.B.A. in Logistics and Supply Chain Management (ထောက်ပံ့ပို့ဆောင်ရေး ဆက်သွယ်ရေးနည်းပညာဘွဲ့)
- B.B.A. in Tourism Management (ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှုနည်းပညာဘွဲ့)
- B.Econ. in Economics (စီးပွားရေးဘွဲ့)
- M.B.A. and Ph.D. in Business Administration (စီးပွားရေးဆိုင်ရာစီမံခန့်ခွဲခြင်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့)
- M.B.A. in Logistics and Supply and Supply Chain Management (ထောက်ပံ့ပို့ဆောင်ရေးဆက်သွယ်ရေးနည်းပညာ မဟာဘွဲ့)
- M.B.A. in Entrepreneurial Management (စွန့်ဦးတီထွင်ခန့်ခွဲမှုစီးပွားရေးပညာဆိုင်ရာ မဟာဘွဲ့)

## ဆေးပညာကျောင်း

ကိုယ်မိုင်မိသားစုနှင့်တကွ ပတ်ဝန်းကျင်ရှိ လူသားအားလုံးကို အလေးထား ဂရုစိုက်နိုင်ရန် ဆရာဝန်ကောင်းများကိုမွေးထုတ်ရန် ရည်ရွယ်ပါသည်။ လူနာများကိုအနီးကပ်ပြုစုခြင်း၊ မိသားစုနှင့်ပတ်ဝန်းကျင်တစ်ခုလုံးကို ပြုစုစောင့်ရှောက်ခြင်း၊ ဆေးသိပ္ပံဘာသာရပ်ကို ပြုမူလုပ်ရှားမှုနှင့်လူမှုရေးသိပ္ပံဘာသာရပ်တို့ဖြင့်ပူးပေါင်း သင်ကြားပေးခြင်း၊ လူနာများ၏ဘဝဆေးကုသခံယူနိုင်မှုနှင့်ရရှိလာသောအရည်အချင်းရလဒ်အဖြေများအား လေ့လာနိုင်ခြင်း၊ သင်ယူခြင်း၊ပြုစုကုသခြင်း၊စသည့်သင်ခန်းစာများကို သင်ကြားပေးပါသည်။ ခိုင်လုံသော တရားဝင်အသိအမှတ်ပြုထားသည့်မည်သည့်ကောလိပ်တက္ကသိုလ်မဆို မယ့်ဖါလွှမ်သို့ပြောင်းရွှေ့တက်ရောက်နိုင်ပါသည်။

- M.D. Doctor of Medicine (ဆရာဝန်ဘွဲ့)

## သူနာပြုကျောင်း

အရည်အသွေးပြည့်မှီသောသူနာပြု များကိုမွေးထုတ်ပေးနိုင်သောကြောင့် ပြည်တွင်းတွင်သာမက နိုင်ငံတကာကပါ အသိအမှတ်ပြုလက်ခံပါသည်။ ထိုင်းနိုင်ငံမြောက်ဖက်အထက်ပိုင်းဒေသနှင့် မယ်ခေါင်နယ်စပ်ဒေသတွင် ကျန်းမာရေးပြုစုစောင့်ရှောက်နိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ထားပါသည်။

- B.S.N.in Nursing Science (Thai) (သူနာပြု သိပ္ပံဘွဲ့) (ထိုင်းဘာသာစကားဖြင့်သာ)

## သိပ္ပံဘာသာရပ်ကျောင်း

ခေတ်မီသိပ္ပံပညာရပ်များကိုစဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာပြီး နိုင်ငံတကာ၏တိုးတက်မှုလုပ်ရှားမှု နည်းပညာများ၊ ပညာရေး အရည်အသွေးမြှင့်တင်ခြင်းများကို အဆက်မပြတ်လေ့လာသင်ကြားပေးခြင်းဖြင့် သိပ္ပံနှင့်နည်းပညာ၊စီးပွါးရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိစေပါသည်။

- B.Sc.in Applied Chemistry (အသုံးချ ဓါတု သိပ္ပံဘွဲ့)
- B.Sc.in Biosciences (ဇီဝသိပ္ပံဆိုင်ရာ သိပ္ပံဘွဲ့)
- M.Sc. and Ph.D.in Applied Chemistry (အသုံးချဓါတုသိပ္ပံဘွဲ့)
- M.Sc. and Ph.D. in Biosciences (ဇီဝသိပ္ပံမဟာဘွဲ့နှင့်ပါရဂူဘွဲ့)
- M.Sc. and Ph.D. in Computational Science (ကွန်ပျူတာသိပ္ပံ မဟာသိပ္ပံဘွဲ့ နှင့် ပါရဂူဘွဲ့)
- M.Sc. and Ph.D. in Materials Science (ရုပ်ဝတ္ထုဆိုင်ရာသိပ္ပံ မဟာသိပ္ပံဘွဲ့ နှင့် ပါရဂူဘွဲ့)
- M.Sc. and Ph.D. in Natural Resources and Environmental Management (သဘာဝအရင်းအမြစ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့)

# ကျောင်းလျှောက်ရန် လိုအပ်ချက်များ

## 1 ဘာသာရပ်ရွေးချယ်ခြင်း

ဘာသာရပ်တစ်ခုထဲမှ နှစ်သက်ရာတစ်ခုရွေးပါ

## 2 လျှောက်လွှာပုံစံဖြည့်ပြီးပို့ရန်

အင်တာနက်အွန်လိုင်း၊ ဖက်(စ်)၊ သို့မဟုတ် လူကိုယ်တိုင် နိုင်ငံတကာရေးရာဌာနသို့ပို့ရန်

## 3 အတည်ပြုချက်လက်ခံရရှိခြင်း

အနီးစပ်ဆုံး ၂ပတ်အကြာတွင် အီးမေးလ် သို့မဟုတ် တယ်လီဖုန်းဖြင့်လက်ခံရရှိကြောင်းအကြောင်းကြားမည်။ အခြားအထောက်အထားများ လိုအပ်ပါက အစီရင်ခံစာပို့လိုက်ပါမည်။ ထိုစာကိုဗီဇာပြုလုပ်ရန် လိုအပ်သောရုံးပိုင်းဆိုင်ရာစာရွက်စာတမ်းများနှင့်အတူ ပို့လိုက်ပါမည်။

## 4 ကျောင်းတွင်လုပ်ဆောင်ရန်

လိုအပ်သော ထောက်ခံစာမူရင်းများကို မိတ္တူကူးပြီး လျှောက်လွှာဝန်ဆောင်ခပေးရန်၊
ကျောင်းမဖွင့်ခင်နှစ်ပတ်အလိုတွင် အမည်စာရင်း သွင်းခြင်း"မည်သို့နေထိုင်လေ့လာသင်ယူမည်နည်း" ဟူသောလုပ်ရှားမှုသင်ခန်းစာများကို သင်ယူရပါမည်။

## 5 တက်ရောက်မည့်အတန်းများကို စာရင်းသွင်းခြင်း

တစ်ကြိမ်အမည်စာရင်းသွင်းပြီးကျောင်းလခ အပြည့်သွင်းပြီးပါက မယ်ဖါလွှမ်တက္ကသိုလ်၏ တရားဝင်ကျောင်းသားဖြစ်ပါပြီ။

# မယ့်ဖါလွှမ်ကျောင်းနေရန် လိုအပ်ချက်များ

ရိုးရိုးဘွဲ့
- အထက်တန်းကျောင်းအောင်မြင်ပြီးဆုံးကြောင်း အထောက်အထား(ဆယ်တန်းအောင်လက်မှတ်)

ဘွဲ့လွန်
- သက်ဆိုင်ရာဘာသာရပ်ဘွဲ့လက်မှတ် အထောက်အထား၊ နောက်ဆုံးအောင်မြင်ခဲ့သည့်အတန်း၏ ရမှတ်များ၊ ပျမ်းမျှရလဒ်ပေါင်း ၂.၅ သို့မဟုတ် ၂.၅ အထက်ရှိရမည်။ ထိုထက်နည်းနေလျှင် သက်ဆိုင်ရာဘာသာရပ်လုပ်သက် အတွေ့အကြုံ တစ်နှစ်ရှိကြောင်းထောက်ခံစာပါရမည်။

ပါရဂူဘွဲ့
- မဟာဘွဲ့ သို့မဟုတ် သက်ဆိုင်ရာတက္ကသိုလ်မှအသိအမှတ်ပြုစာ၊ရိုးရိုးဘွဲ့
- (ဂုဏ်ထူး) အောင်မြင်ပြီးဆုံးကြောင်းနှင့် ပျမ်းမျှအမှတ်ပေါင်း ၃.၂၅ သို့မဟုတ်၄င်းနှင့်အထက်ရှိရပါမည်။
- သုတေသန သို့မဟုတ် စာတမ်းရေးသားထားသော သက်သေအထောက်အထား
- လျှောက်ထားချက်များအားလုံးအပေါ်အခြေခံပြီး လူတစ်ဦးခြင်း၏ အရည်အချင်းစစ်ပါမည်။

အင်္ဂလိပ် ဘာသာစကားစစ်ဆေးမှု

မူလမိခင်ဘာသာစကား(အင်္ဂလိပ်) မဟုတ်သောသူများအားလုံး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်ကြောင်းစွမ်းရည်ရမှတ်သို့မဟုတ် မယ့်ဖါလွှမ်တက္က သိုလ်၏ အင်္ဂလိပ်စာစစ်ဆေးခြင်းပါရှိရမည်။

ရိုးရိုးဘွဲ့
- TOEFL 450 မှတ်
- IELTS 5.5

ဘွဲ့လွန်နှင့်ပါရဂူဘွဲ့
- TOEFL 550

# မယ့်ဖါလွှမ်သို့ပြောင်းရွှေ့ခြင်း

တစ်နှစ်လုံးမည်သည့်အချိန်တွင်မဆို တစ်ကမ္ဘာလုံးရှိ ကျောင်းသားကျောင်းသူများ မယ့်ဖါလွှမ် တက္ကသိုလ်သို့လျှောက်လွှာတင် တက်ရောက်နိုင်ပါသည်။
ကျောင်းသားများအားလုံး သက်ဆိုင်ရာ ကျောင်းများမှ အသိအမှတ်ပြု ပြောင်းရွှေ့စာများကို မယ့်ဖါလွှမ်သို့ပေးပို့ရပါမည်။ မယ့်ဖါလွှမ်သို့ ပြောင်းရွှေ့လာသောကျောင်းသားများကို ပထမစာသင်နှစ်ဝက်အတွင်း လက်ခံအတည်ပြုပါမည်။